ဂကောံသၠုတ်မန်လညာတ်တို

Mon Youth Progressive Organization

# မွန်ပြည်နယ်ရှိ အရွေးကောက်ခံ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသို့ အိတ်ဖွင့်ပေးစာ

၁၂ ဖေဖော်ဝါရီလ ၂၀၁၀

လူကြီးမင်းများ၊ အမတ်မင်းများခင်ဗျာ-

ကျွန်ုပ်တို့သည် မွန်ပြည်နယ်ရှိ တိုးတက်သောမွန်လူငယ်များအစည်းအရုံးမှ လူငယ်များဖြစ်ပါသည်၊ တိုးတက်သောမွန် လူငယ်များအစည်းအရုံးသည် မွန်ပြည်နယ်၏ငြိမ်းချမ်းရေး၊ တိုးတက်ရေးနှင့် ဒီမိုကရေစီရေးအတွက် မွန်ပြည်နယ် အတွင်းရှိ အခြားသော မွန်အရေးလှုပ်ရှားနေသူများနှင့်အတူ တိုက်ပွဲဝင်နေသော လူငယ်အဖွဲ့အစည်းတခုဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေသည် လူကြီးမင်းများ သိထားပြီးဖြစ်သည့်အတိုင်း စစ်အစိုးရသည် ၎င်း၏ အုပ်ချုပ်မှုကို တရားဝင်ပြုရန်နှင့် စစ်အုပ်စု၏အသက်ဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အသက်သွင်းရန်အတွက် ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပရန် စိုင်းပြင်းလျက်ရှိသည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသာ အသက်ဝင်သွားပါက မွန်ပြည်နယ်သူ/သားများသာမက ပြည်ထောင်စုတစ်ခုလုံးရှိ မြန်မာနိုင်ငံသား အားလုံး စစ်ကျွန်ဘဝအောက်တွင် နောင်နှစ်ပေါင်းမြောက်မြားစွာ ဒုက္ခမျိုးစုံ ကြုံတွေ့ရမည့် အခြေအနေသို့ ရောက်ရှိသွားမည် ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာချက်တွင် ပါရှိသည့် နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးနှင့် အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်ရေး စသည့်အချက်များသည် နိုင်ငံ၏ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အဓိက အချက်များ ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

စစ်အစိုးရသည် ဒီမိုကရေစီအင်အားစုများကို ဖိအားပေးနေသည်သာမက အပစ်ခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ၎င်း၏နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအတွက် ဖိအားပေးလျှက် ရှိသည်။ မွန်လူမျိုးတို့၏ အဓိကလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် မွန်ပြည်သစ်ပါတီသည် ၎င်း၏အစီအစဉ်ကို လက်မခံပဲ လူထုတင်မြောက်ထားသည့် အရပ်သားအစိုးရလက်အောက်တွင် တပ်မတော်တရပ်တည်း ရှိရမည်နှင့် ရှိပြီးသားလူမျိုးစုတပ်များကို မိမိတို့ဆိုင်ရာ ပြည်နယ်အစိုးရကွပ်ကဲမှုအောက်တွင် ရှိရမည့်အပေါ် ပြေလည်အောင် ညှိနှိုင်းဆွေးနွေးသွားမည့်ဟု ပါတီ၏ ၆၃ ကြိမ်မြောက် မွန်အမျိုးသားနေ့ ကြေညာချက်တွင် ဖော်ပြထားသည်။

နယ်ခြားစောင့်တပ်နှင့်ပတ်သက်ပြီး မွန်ပြည်သစ်ပါတီ၏ရပ်တည်ချက်သည် မွန်ပြည်သူလူထုတရပ်လုံး၏ဆန္ဒနှင့် ကိုက်ညီသည့်အတွက် ကျွန်ုပ်တို့မွန်လူငယ်ထုတစ်ရပ်လုံးက အပြည့်အဝထောက်ခံပြီး နအဖ၏ နယ်ခြားစောင့်တပ် အစီအစဉ်ကို မွန်လူငယ်နီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်အတိုင်း မိမိတို့အင်းအားစုမှ ဝိုင်းဝန်းဆန့်ကျင်သွားမည် ဖြစ်သည်။

စစ်အစိုးရသည် နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးနှင့် အဓမ္မအတည်ပြုထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးမှသာလျှင် ၂၀၁၀ ရွေးကောက်ပွဲသည် အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသော

ရွေးကောက်ပွဲ ဖြစ်နိုင်ပေသည်။ ထိုသို့ပြင်ဆင်ခြင်းမရှိပါက မိမိတို့လူငယ်ထုမှ ဆက်လက်တောင်းဆို တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

လူကြီးမင်းများခင်ဗျာ-

လူကြီးမင်းများသည် တိုင်းပြည်၏ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားတို့၏ တန်းတူအခွင့်အရေးတိုက်ပွဲတွင် ဦးဆောင်ရန်အတွက် မွန်ပြည်နယ်သူ၊ ပြည်နယ်သားများက ယုံကြည်စွာဖြင့် ရွေးကောက်တင်မြှောက်ထားသည့် ခေါင်းဆောင်များဖြစ်သည့်လျောက် ယခုလိုတိုင်းပြည်အတွက် အရေးကြီးသည့်အချိန်ကာလတွင် ထိုတိုက်ပွဲကို ဦးဆောင်ရန် အပြည့်အဝတာဝန်ရှိသည်ဟု ယုံကြည်ပေသည်။ ကျွန်ုပ်တို့လူငယ်များသည် လူကြီးမင်းများ၏ ဦးဆောင်မှုကိုခံယူရန် အသင့်ရှိနေပါသည်။ ထို့ကြောင့် အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက် မွန်ပြည်နယ်သူ၊ ပြည်နယ်သားများအား ပြတ်ပြတ်သားသား ဦးဆောင်ပါရန် ကျွန်ုပ်တို့ တိုးတက်သောမွန်လူငယ်များအစည်းအရုံးမှ မေတ္တာရပ်ခံအပ်ပါသည်။

ဦးဆောင်ကော်မတီ
တိုးတက်သောမွန်လူငယ်များအစည်းအရုံး (MYPO)
ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ၂၀၁၀